သတင်းထုတ်ပြန်ချက်

# နိုင်ငံတကာရာဇဝတ်ခုံရုံး အဖွဲ့ဝင်နိုင်ငံများ - မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်

## မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရန်လျှောက်ထားမှုနှင့်ပတ်သက်ပြီး မြန်မာ့လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ တုန့်ပြန်ချက်

(ဘန်ကောက်မြို့၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့) — ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရိုဟင်ဂျာအရပ်သားများအပေါ် "နယ်မြေရှင်းလင်းရေး" စစ်ဆင်ရေး နှင့် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံအာဏာသိမ်းမှုအပြီး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများတွင် ပါဝင်ခဲ့သော မြန်မာစစ်တပ်မှ အကြီးတန်းအရာရှိ ဒါဇင်ကျော်နှင့် ရဲတပ်ဖွဲ့ဝင်တို့အား ရာဇဝတ်မှုနှင့် ပတ်သက်ပြီး နိုင်ငံတကာ ရာဇဝတ်ခုံရုံး (**ICC**) တွင် ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ကျခံရနိုင်သည် ဟု **Fortify Rights** အဖွဲ့မှ ယနေ့ထုတ်ပြန်လိုက်သည်။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် **ICC** အစိုးရရှေ့နေချုပ် **Karim A.A. Khan** သည် မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်အား "မြန်မာနိုင်ငံအတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေရာအချို့တွင် ရိုဟင်ဂျာများအား အတင်းအကျပ်နေရပ်ရွှေ့ပြောင်းစေမှုနှင့် ဖိနှိပ်မှုအစရှိသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော စစ်ရာဇဝတ်မှုများအတွက်" ဖမ်းဝရမ်းထုတ်ရန် ၎င်း၏ ရုံးမှ လျှောက်ထားမှု တင်သွင်းခဲ့သည်။ ဤလျှောက်ထားချက်သည် ပထမဆုံးအကြိမ်အဖြစ် အစိုးရရှေ့နေချုပ်ရုံးမှ မြန်မာနိုင်ငံမှ လူတစ်ဦးတစ်ယောက်အတွက် ဖမ်းဝရမ်းထုတ်ရန် လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

**ICC** အစိုးရရှေ့နေချုပ် သည် ၎င်းအမှုများတွင် နောက်ထပ် ပါဝင်ပတ်သက်သည့်သူများအတွက်လည်း ဖမ်းဝရမ်းလျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

> "အချိန်အတော်အကြာစောင့်ဆိုင်းပြီးမှ ဒီအရာဖြစ်လာတာက ရိုဟင်ဂျာအသိုင်းအဝိုင်းနှင့် မြန်မာပြည်သူများအတွက် မှတ်ကျောက်တင်လောက်တဲ့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်" ဟု **Fortify Rights** အဖွဲ့မှ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးမှုအထူးတာဝန်ခံ ဇော်ဝင်းမှ ပြောဆိုသည်။ "**ICC** က ရိုဟင်ဂျာအသိုင်းအဝိုင်းများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ရာမှာ ထိုနည်းတူပါဝင်တဲ့သူ တွေကို မဆိုင်းမတွ ဖမ်းဝရမ်းထုတ်သင့်ပါတယ်။"

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် **Fortify Rights** ၏ စာမျက်နှာ ၁၆၀ ပါသော အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ရိုဟင်ဂျာအရပ်သားများအပေါ် တိုက်ခိုက်မှုများအတွက် ရောမစာချုပ် (**Rome Statute**) ပါ ရာဇဝတ်မှုဆိုင်ရာ ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၂၅ အရ ပြစ်ဒဏ်ကျခံရနိုင်သည့် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိ ၂၂ ဦး၏ အထောက်အထားများကို ဖော်ပြခဲ့သည်။

ရိုဟင်ဂျာလူမျိုးများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ်ရွှေ့ပြောင်းစေခြင်းအပြင်၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် အခြားလူမဆန်သောလုပ်ရပ်များကြောင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် **ICC** မှ စီရင်ပိုင်ခွင့်အာဏာကို တရားရုံးရှေ့နေချုပ်အား ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံသည် **ICC** အဖွဲ့ဝင်နိုင်ငံထဲတွင် မပါဝင်သော်လည်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် **ICC** အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခြင်းသည် နှစ်နိုင်ငံ ပတ်သက်သည့် ရာဇဝတ်မှုတစ်ခုဖြစ်သည့်အပေါ် အခြေခံ၍ ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

> "လက်နက်မဲ့ ရိုဟင်ဂျာအရပ်သားတွေကို သတ်ဖြတ်တာတွေ၊ ရွာပေါင်း ရာနဲ့ချီ မီးရှို့ခံခဲ့ရတာတွေနဲ့ သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာအရပ်သားတွေကို အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခဲ့တဲ့ "နယ်မြေရှင်းလင်းရေး" လို့ခေါ်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စစ်ဆင်ရေးကို ကျွန်တော်ကိုယ်တိုင်တွေ့ ကြုံခဲ့ရတာဖြစ်တယ်" ဟု **Fortify Rights** မှ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးမှုတာဝန်ခံ **Ejaz Min Khant** က ပြောသည်။ "ဒီအခိုက်အတန့်ဟာ သမိုင်းဝင်ဖြစ်ပေမယ့် သေဆုံးခဲ့ရသူတွေအတွက် အမှန်တကယ် တရားမျှတမှုရှိစေဖို့အတွက် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ဖမ်းဆီးပြီး သူ၏ အကြမ်းဖက်စစ်တပ် မတရားအုပ်ချုပ်မှု အဆုံးသတ်ဖို့ ပြတ်ပြတ်သားသား အရေးယူရမှာ ဖြစ်ပါတယ်။"

မြန်မာနိုင်ငံသည် **ICC** အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ခေါင်းဆောင်များကို ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရ (**NUG**) အနေဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် တရားရုံး (**ICC**) ၏ မှတ်ပုံတင်အရာရှိထံ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့က စတင်၍ နောင်ကာလများ ထိတိုင် မြန်မာပိုင်နက်မြေပေါ် ကျူးလွန်ခဲ့တဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး တရားစီရင်ပိုင်ခွင့်ကို လက်ခံသည့် ကြေငြာချက် ၁၂(၃) ကို လျှောက်ထားခဲ့သည်။

သို့သော်လည်း တရားရုံး (ICC) မှ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသည့် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ကြေငြာချက်ထုတ်ခြင်းအပေါ် လက်တွေ့ အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်သေးပါ။

**NUG** ၏ ကြေငြာချက် ၁၂(၃) အရ **ICC** အဖွဲ့ဝင်နိုင်ငံများသည် ရောမစာချုပ် (**Rome Statute**) ရဲ့ အပိုဒ် ၁၄ အရ အစိုးရရှေ့နေချုပ်ထံသို့ အမှုကိုလွှဲပြောင်းရန် ခွင့်ပြုထားသည်။ မြန်မာနိုင်ငံဆိုင်ရာ အခြေအနေကို **ICC** အဖွဲ့ဝင်နိုင်ငံမှ အစိုးရရှေ့နေချုပ်ထံ လွှဲပြောင်းပေးခြင်း မရှိသေးပေ။

၂၀၂၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် **Fortify Rights** နှင့် **Yale Law School** (ယေးလ်ဥပဒေကျောင်း) မှ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစင်တာ **Schell Center** မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်း ပြီးနောက် မြန်မာပြည်သူများအပေါ် ကျူးလွန်ခဲ့သော နိုင်ငံတကာရာဇဝတ်မှုများအတွက် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိ ၆၁ ဦးအား စုံစမ်းစစ်ဆေးကာ တရားစွဲချက်တင်သင့် ကြောင်း ထုတ်ဖော်ပြခဲ့သည်။ မြန်မာစစ်ကောင်စီမှ အရပ်သားများအပေါ် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မပျောက်ဆုံးစေခြင်း၊ အတင်းအကျပ်နေရပ် ရွှေ့ပြောင်းစေမှုနှင့် ဖိနှိပ်ခြင်း အစရှိသောလုပ်ရပ်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်ကြောင်း **Fortify Rights** နှင့် **Schell Center** က စာမျက်နှာ ၁၉၃ မျက်နှာပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

> “မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ဖို့ **ICC** အစိုးရရှေ့နေချုပ်ရဲ့ တောင်းဆိုချက်က မြန်မာနိုင်ငံမှာ ကာလရှည်ကြာစွာ မေးမှိန်နေတဲ့ တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ မျှော်လင့်ချက်တစ်ခုကို ပြန်လည်ရှင်သန်အောင် ပြုလုပ်ပေးလိုက်တဲ့ အားပေးမှုတစ်ခုပဲဖြစ်ပါတယ်” ဟု **Fortify Rights** မှ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး တာဝန်ခံ မချစ်ဆိုင်းက ပြောသည်။ “ရိုဟင်ဂျာလူမျိုး အပါအဝင် မြန်မာနိုင်ငံတဝှမ်းက တခြားသောလူမျိုးပေါင်းစုံအပေါ် မင်းအောင်လှိုင်ဦးဆောင်တဲ့ စစ်တပ်က ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ပတ်သတ်ပြီး တရားမျှတမှု ရရှိစေဖို့ ဆက်လက်တိုးချဲ့ပြီးလုပ်ဆောင်ဖို့က အရေးကြီးပါတယ်။ မြန်မာပြည်သူတွေက တရားမျှတမှု၊ လွတ်လပ်မှုနဲ့ ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးတွေနဲ့ ထိုက်တန်ပါတယ်။”

ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ **ICC** အဖွဲ့ဝင်နိုင်ငံများသည် တရားရုံး၏ ဦးစားပေးများနှင့် ဦးတည်ချက်များကို ဆွေးနွေးရန် အဖွဲ့ဝင်နိုင်ငံများညီလာခံ၏ နှစ်ပတ်လည်အစည်းအဝေးကို **The**

Hague (သည်ဟိဂ်မြို့) ၌ တွေ့ဆုံကြမည် ဖြစ်သည်။ ရောမစာချုပ် (Rome Statute) ရဲ့ အပိုဒ် ၁၄ အရ ICC အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေအားလုံးကို ICC အစိုးရရှေ့နေချုပ်ထံ ချက်ချင်းလွှဲပြောင်းတင်သွင်းပေးသင့်ကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။

> "နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ အခုချိန်မှာ ဖိနှိပ်ခံနေရတဲ့လူမျိုးစုတွေအတွက် တာဝန်ယူ တာဝန်ခံမှုများ ပေါ်ပေါက်စေရေးအတွက် ရှေ့ထွက်ပြီး ဆောင်ရွက်သင့်ပါတယ်" ဟု Fortify Rights အဖွဲ့မှ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး တာဝန်ခံ စိုင်းအာကာမှ ပြောဆိုသည်။ "ဒီလိုမျိုးလုပ်ဆောင်ချက်ကို အာဏာသိမ်းကာလနောက်ပိုင်းဖြစ်စဉ်အားလုံးကို ICC ရဲ့ ရောမစာချုပ် (Rome Statute) အပိုဒ် ၁၄ အရ ICC အစိုးရရှေ့နေချုပ်ထံ လွှဲပြောင်းပေးအပ်ခြင်း ဖြင့် ပြုလုပ်နိုင်ပါတယ်။"

**မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ဖို့ အဆိုတင်သွင်းခြင်းကို မြန်မာနိုင်ငံက အခြားလူ့အခွင့်အရေး ကာကွယ်တတ်ကြွသူများကလည်း ကြိုဆိုခဲ့ကြသည်။**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် အလုပ်လုပ်နေသော ရိုဟင်ဂျာ လူ့အခွင့်အရေးအဖွဲ့ Mayyu Region Human Rights Documentation Center (MHRDC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက Fortify Rights ထံ ဤ မှတ်ချက်အား ပေးပို့လာသည်။

> "၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအတွက် မြန်မာစစ်တပ် ခေါင်းဆောင် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရန် ICC ၏ လျှောက်ထားချက်ကို MHRDC မှ ကြိုဆိုပါသည်။ ၎င်းအဖွဲ့၏ ကျူးလွန်ခဲ့သည့် ပြောမပြတတ်လောက်အောင် ရက်စက်ယုတ်မာ မှုများသည် ကြာရှည်စွာ တာဝန်ယူမှုကင်းမဲ့နေခြင်းကြောင့် ရိုဟင်ဂျာဒုက္ခသည်များဟာ နေရပ်မပြန်နိုင်ကြသေးပါဘူး။ မြန်မာနိုင်ငံအတွင်း ရှိနေသေးသည့်ရိုဟင်ဂျာများလည်း မြန်မာ စစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့ နှစ်ဖက်လုံး၏ နှိပ်စက်ညှဉ်းပန်းမှုများကို ဆက်လက်ခံစား နေကြရသည်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြင်းထန်သော စစ်ရာဇဝတ်မှုများအတွက် ကျူးလွန်သူများအား တာဝန်ယူမှု တာဝန်ခံမှုရှိစေခြင်းသည် နောက်ထပ် ရက်စက်ယုတ်မာမှုများ ကို တားဆီးရာအတွက် အလွန်အရေးကြီးပြီး ဤသိသာထင်ရှားသော ပထမခြေလှမ်းကို MHRDC မှ လေးလေးနက်နက် ထောက်ခံကြိုဆိုပါသည်။"

ရိုဟင်ဂျာအခွင့်အရေးအတွက် ဆောင်ရွက်နေသော မြန်မာရိုဟင်ဂျာများအသင်း **UK (BROUK)** ၏ ဥက္ကဋ္ဌ ထွန်းခင်မှ **Fortify Rights** သို့ပြောကြားသည်မှာ -

> “ရိုဟင်ဂျာလူမျိုးများအတွက် တရားမျှတမှုရရှိစေဖို့ သမိုင်းဝင် ခြေလှမ်းတစ်ရပ်လို့ ပြောလို့ရပါတယ်။ **ICC** ၏ ဖမ်းဝရမ်းများက ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးတွေအပေါ် ရက်စွဲင့်တပ်တော် အပါအဝင် ရာဇဝတ်မှုကျူးလွန်နေတဲ့အခြားသူတွေအတွက်လည်း သတိပေး ချက်တစ်ခုပဲဖြစ်ပါတယ်။”

စစ်ရာဇဝတ်မှုများအား မှတ်တမ်းတင်ထုတ်ဖော်နေသော **Burma War Crimes Investigation** မှ ဆွေလင်းက အောက်ပါအတိုင်း ပြောဆိုသည်။

> **“**ဒီဖြစ်ရပ်ဟာ ရိုဟင်ဂျာအသိုင်းအဝိုင်းအတွက်တင်သာမက ကျွန်တော်တို့နိုင်ငံအတွက်ပါ သိသာထူးခြားတဲ့တိုးတက်မှုဖြစ်စဉ် တစ်ခုပါပဲ။ နိုင်ငံတကာရာဇဝတ်မှုခုံရုံး **ICC** မှာ မြန်မာစစ်တပ်ခေါင်းဆောင်မင်းအောင်လှိုင်အပေါ် ဖမ်းဝရမ်းထုတ်ဖို့ လျှောက်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး၊ စစ်ရာဇဝတ်မှုတွေကို မြေပြင်မှာ တက်ကြွစွာမှတ်တမ်းတင်နေတဲ့ ကျွန်တော် တို့လိုမျိုး ပြည်တွင်းအဖွဲ့အစည်းတစ်ခုအနေနဲ့ ဝမ်းမြောက်ကျေးဇူးတင်မိပါတယ်။ ဒီဖြစ်စဉ်ဟာ စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ပြီး၊ နစ်နာသူတွေအတွက် တရားမျှတမှု ဖော်ဆောင်ပေးနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်မိပါတယ်။ ဒါ့အပြင် မြန်မာစစ်တပ်ဟာ အာဏာသိမ်းပြီးနောက် စစ်ရာဇဝတ်မှုတွေကို ဆက်လက်ကျူးလွန်နေပြီး လူပေါင်းများစွာ ရဲ့အသက်တွေဆုံးရှုံးရတာကိုလည်း ဖြစ်အောင်ကျူးလွန်နေပါတယ်။ ဒါကြောင့် နောက်ထပ် ဖြစ်လာမယ့် **ICC** ရဲ့ ဖမ်းဝရမ်းတွေဟာ ဒီလိုမျိုး စစ်ရာဇဝတ်မှုကျူးလွန်နေမှုနဲ့ နိုင်ငံတကာ ဥပဒေချိုးဖောက်နေမှုတို့ကို တစုံတရာဖြေရှင်းပေးနိုင်မယ်လို့ သိရှိနားလည်ထားပါတယ်။ ပြီးတော့ ဒီဖမ်းဝရမ်းကို အချိန်မကြန့်ကြာစေလိုဘဲ နိုင်ငံတကာအစိုးရတွေကိုလည်း မင်းအောင်လှိုင် သူတို့နိုင်ငံကို ရောက်တဲ့အချိန်မှာ ဖမ်းဆီးပေးဖို့ကိုပါ တောင်းဆိုချင်ပါတယ်။**”**

မြန်မာနိုင်ငံ ကရင်ပြည်နယ်ရှိ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်လူ့အခွင့်အရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စောနန္ဒဆူးမှ **Fortify Rights** သို့ ဤကဲ့သို့ ပြောကြားခဲ့သည်။

“**ICC** တရားရုံး ဆီကနေ တာဝန်ယူမှုတာဝန်ခံမှုကို တောင်းဆိုနေတာ ကာလအတော်ကြာပါပြီ။ မင်းအောင်လှိုင်ဟာ နိုင်ငံတဝှမ်းမှာဖြစ်ပွားနေတဲ့ ရာဇဝတ်မှုတွေကို အမိန့်ပေးစေခိုင်းမှုအတွက် တာဝန်ရှိတယ်။ ကရင်လူမျိုးများ အပါအဝင် တိုင်းရင်းသားလူနည်းစုများသည် ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဆယ်စုနှစ်များစွာ ခံစားနေရပါတယ်။ တာဝန်ယူမှုတာဝန်ခံမှု လက်တွေ့ဖြစ်လာဖို့ ကျွန်တော်တို့ တကယ်မျှော်လင့်ပါတယ်။”

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ နယ်စပ်တွင် အခြေစိုက်သည့် **New Myanmar Foundation** မှ အမှုဆောင်ဒါရိုက်တာ ဖြစ်သူ **ဒေါက်တာ ဆန်းအောင်** မှ **Fortify Rights** အဖွဲ့သို့ အောက်ပါအတိုင်း ပြောကြာခဲ့သည်။

“ဒီလို စစ်တပ်ခေါင်းဆောင်မင်းအောင်လှိုင်အပေါ်မှာ **ICC** ကနေပြီးတော့ ဖမ်းဝရမ်းထုတ်ဖို့ လျှောက်ထားတာဟာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တစ်ခုကို လုပ်တာ ဖြစ်တယ်။ အဲ့ဒါအတွက်ကို ကျွန်တော်တို့ အားရမိပါတယ်။ ချီးလည်းကျူးပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ၂၀၁၇ မှ စစ်တပ်က ဒါမျိုးတွေကို ကျူးလွန်နေတာ မဟုတ်ပါဘူး၊ အမြဲဆက်တိုက် ယခုအချိန်ထိတိုင်အောင် ဖိနှိပ်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ ညှင်းပန်းမှုတွေက ရှိနေကြတာပဲ။ တိုင်းရင်းသားတွေအားလုံး၊ ပြည်သူအားလုံးကို ရက်ရက်စက်စက် ကြမ်းကြမ်းကြုတ်ကြုတ်နဲ့ သတ်ဖြတ်နေကြတာ။ အဲ့ဒီအတွက်တော့ ကျွန်တော်တို့ အရေးယူဖို့တော့ ဆက်ပြီးလုပ်ဖို့တော့လိုပါလိမ့်မယ်။ နိုင်ငံတကာကဒီအချက်ကို လုပ်လိုက်တာက ကောင်းပါတယ်။ ကျွန်တော်တို့မြင်တာက နိုင်ငံတကာရဲ့ အားပေးမှု၊ ထောက်ခံမှု၊ ပံပိုးမှုတွေ အရေးကြီးတဲ့အပိုင်းမှာပါတယ်။ ဒီလိုမျိုး ဆက်လက်ပြီးတော့ လုပ်ဆောင်သွားမယ်လို့လည်း မျှော်လင့်ပါတယ်။”

ကရင်နီပြည်နယ်ရှိ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်နီပြည်လူ့အခွင့်အရေးအဖွဲ့ တည်ထောင်သူ ဗညားခွန်အောင်မှ **Fortify Rights** အား ယခုကဲ့သို့ပြောကြားခဲ့သည်။

“ကျွန်တော်တို့ ကရင်နီလူ့အခွင့်အရေးအဖွဲ့အနေနဲ့ **ICC** ရဲ့ ဒီအချက်အလတ်တွေ၊ ရှေ့ဆက်သွားမယ့် နောက်လုပ်ငန်းစဉ်တွေကြည့်တော့ ဒီဖမ်းဝရမ်းကိစ္စလည်းတွေ့တဲ့အခါ ကျွန်တော်အနေနဲ့ အင်မတန်မှပဲ စိတ်ပိုင်းဆိုင်ရာအရ သက်သက်သာသာဖြစ်မှုကို ခံစားရတယ်။ ဒါက ဝမ်းသာဂုဏ်ယူစရာဖြစ်တဲ့အပြင် ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီဖြစ်စဉ်အပေါ်မှာ ဂုဏ်ယူရမယ့် အခြေအနေတစ်ခုလည်း ဖြစ်ပါတယ်။ ဒီကျူးလွန်တဲ့လူတွေကို

> ကျွန်တော်တို့ဘက်ကနေ ကိုယ့်နိုင်ငံရဲ့တရားဥပဒေကြောင်းအရ အရေးယူဖို့မဖြစ်နိုင်တဲ့ အခြေအနေမှာ **ICC** ကနေအခုလိုမျိုး အရေးယူနိုင်မယ့်အဆင့်တွေကို တဆင့်ချင်းစီ တင်လာပြီး တော့မှ အခုဆိုနောက်ဆုံးအချိန်ထိကို ရောက်လာပါပြီ။ ကျူးလွန်တဲ့သူတွေလည်း ဘယ်သောအခါမှ တရားဥပဒေအရ ကင်းလွတ်ခွင့်ကို မရဘူးဆိုတာကို သက်သေပြရာ ရောက်သလို ကျွန်တော်တို့နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေး၊ အခြေခံလူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ဆန့်ကျင်နေသူတွေကို ကျွန်တော်တို့က မမိုတ်မသုန်ဆက်ပြီးတော့မှ တိုက်ခိုက်ရယူဖို့အတွက် ကျွန်တော်တို့ လူထုမှာလည်း တာဝန်ရှိတယ်၊ သက်ဆိုင်ရာ အစုအဖွဲ့အားလုံးမှာလည်း တာဝန်ရှိ တယ်ဆိုတာကို မီးမောင်းထိုးပြတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ပိုအားတတ်ရတယ်။”

ငြိမ်းချမ်းရေးနှင့် တရားမျှတမှုအတွက် ဒုက္ခသည်အမျိုးသမီးများအဖွဲ့ တည်ထောင်သူနှင့် ဒါရိုက်တာ **Lucky Karim** ကလည်း **Fortify Rights** သို့ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> “**ICC** အစိုးရရှေ့နေ **Karim Khan** ဆီကနေ ဖမ်းဝရမ်းထုတ်ဖို့ တရားရုံးသို့ လျှောက်ထားချက်ကို ကျွန်မအနေနဲ့ ကြိုဆိုပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက နှုတ်ဆိတ်နေတာ ကြာခဲ့ပါပြီ။ အခု အာဆီယံက ဒါကို ထောက်ခံပြီး အရေးယူလုပ်ဆောင်သင့်ပါတယ်။ ဒီအရာဟာ တရားမျှတမှုနဲ့ တာဝန်ခံမှုတို့ဖြင့် ရိုဟင်ဂျာများကို ပိုမိုကောင်းမွန်၊ ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံစွာ မြန်မာနိုင်ငံကို ပြန်လာနိုင်ရေးအတွက် တွန်းအားပေးရန် စုပေါင်းတာဝန်ဖြစ်ပါတယ်။”

----

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**Matthew Smith**
အမှုဆောင်အရာရှိချုပ်
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
အီးမေးလ် - Matthew.Smith@FortifyRights.org
တွစ်တာ/**X** - @MatthewFSmith, @FortifyRights

**ဇော်ဝင်း**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးအထူးတာဝန်ခံ

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+66 95 979 9155 (WhatsApp; Signal)

Email: Zaw.Win@FortifyRights.org

တွစ်တာ/X: @ZawWin484, @FortifyRights

**မချစ်ဆိုင်း**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+66 65 518 7335 (WhatsApp; Signal)

အီးမေးလ် - Chit.Seng@FortifyRights.org

တွစ်တာ/X - @sengchit, @FortifyRights

**Ejaz Min Khant**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+1 323 7040 220 (Signal, WhatsApp)

အီးမေးလ်: Ejaz.MinKhant@FortifyRights.org

X: @ejaz.minkhant, @FortifyRights

**စိုင်းအာကာ**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+17 169 195 899 (Signal)

အီးမေးလ် - Sai.Arkar@FortifyRights.org

တွစ်တာ/X: @Sai_Rights, @FortifyRights